# ငြိမ်းချမ်းရေး နှင့် အမျိုးသား ပြန်လည်သင့်မြတ်ရေး ဆိုင်ရာ ဆွေးနွေးပွဲ ထုတ်ပြန်ချက်

၂၀၁၅ ခုနှစ်၊ မေလ ၉ ရက်။
အင်းယားလိပ်၊ ရန်ကုန်မြို့

(၁) ငြိမ်းချမ်းရေး နှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး ဆိုင်ရာဆွေးနွေးပွဲ ကို ၂၀၁၅ ခုနှစ် မေလ ၉ ရက်နေ့ တွင် အင်းယားလိပ် ဟိုတယ်တွင် ကျင်းပခဲ့ပါသည်။ ယင်း ဆွေးနွေးပွဲသို့ ပြည်ထောင်စု အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းရင်းသားရေးရာ ဝန်ကြီးများ၊ နိုင်ငံရေးပါတီ (၆၄) ပါတီ၏ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း (၇) ခုမှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၊ လူထုအခြေပြုအဖွဲ့အစည်းကိုယ်စားလှယ်များ နှင့် လေ့လာသူများ စုစုပေါင်း (၁၅၂) ဦး တက်ရောက်ကြ ပါသည်။

(၂) ဆွေးနွေးပွဲ တက်ရောက်လာသော ကိုယ်စားလှယ်များက ငြိမ်းချမ်းရေး နှင့် အမျိုးသား ပြန်လည်သင့်မြတ်ရေး ဆိုင်ရာကိစ္စရပ်များ နှင့် တစ်နိုင်ငံလုံးဆိုင်ရာ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ အချက်များအပေါ် သဘောထားအမြင်များကို လွပ်လပ်စွာဆွေးနွေး ဖလှယ်ကြပါသည်။

(၃) ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် နိုင်ငံတော်သမ္မတကြီး ကိုယ်တိုင်ဦးဆောင် လက်မှတ်ရေးထိုး ထုတ်ပြန်ထားသော ငြိမ်းချမ်းရေး နှင့် အမျိုးသား ပြန်လည်သင့်မြတ်ရေး ဂတိကဝတ်ပြုခြင်း (Deed of Commitment) သည် NCA ကို လွှမ်းမိုးရန်သော်လည်းကောင်း၊ ဥပေက္ခာပြုရန် သော်လည်းကောင်း၊ အားပျော့ ပျက်ပြယ်စေရန် သော်လည်းကောင်း ရည်ရွယ်လုပ်ဆောင်ခြင်း မဟုတ်ကြောင်း နှင့် NCA အား ဖြည့်ဆည်းပြည့်စုံစေခြင်း တို့သည် အပြန်အလှန် ဖြည့်ဆည်း ပြည့်စုံ စေခြင်းသာ ဖြစ်ကြောင်း အသိအမှတ်ပြုကြပါသည်။

(၄) လွပ်လပ်မှု၊ တန်းတူညီမျှမှု နှင့် တရားမျှတမှု တို့ကိုအခြေခံပြီး၊ ပင်လုံစိတ်ဓါတ်နှင့်အညီ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့် အခွင့်အရေးများကို အာမခံချက်များ အပြည့်အဝရှိသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်မှသာလျှင် ငြိမ်းချမ်းရေး နှင့် အမျိုးသားပြန်လည် သင့်မြတ်ရေးကို အကောင်အထည် ဖော်ဆောင်နိုင်မည်ကို ဤ ဆွေးနွေးပွဲ တက်ရောက် လာသူများက သဘောတူကြပါသည်။

(၅) နိုင်ငံရေး တွေ့ဆုံဆွေးနွေးမှုများကို ၂၀၁၅ အထွေထွေ ရွေးကောက်ပွဲမတိုင်မီ အမြန်ဆုံးစတင် ကျင်းပနိုင်ရေးနှင့် ရွေးကောက်ပွဲ အလွန်တွင်လည်း ဆက်လက် ကျင်းပပြုလုပ် နိုင်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရန် တက်ရောက် သူများအားလုံး သဘောတူကြသည်။

၆။ Deed of Commitment တွင် ပါရှိသည့် ဂတိကဝတ်များကို အမြန်ဆုံး အကောင် အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် စတင်နိုင်ရေးအတွက် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို လုပ်ဆောင်နိုင်ရန် အဖွဲ့အစည်းစုံမှ ပါဝင်သော "ငြိမ်းချမ်းရေး နှင့် အမျိုးသား ပြန်လည်သင့်မြတ်ရေး ဆိုင်ရာ ညှိနှိုင်းအဖွဲ့" (Coordination Team for Peace and National Reconciliation) ကို ဖွဲ့စည်းရန် ဤအစည်းအဝေး တက်ရောက် သူများက မူအားဖြင့် သဘောတူ ကြပါသည်။